အနောက်ဩစတြေးလျားအစိုးရ
မြို့တော်နယ်နမိတ် မြောက်ပိုင်းဒေသ ကျန်းမာရေးလုပ်ငန်း
စိတ်ကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေးနှင့် သွားဘက်ဆိုင်ရာလုပ်ငန်းများ



# လူသားချင်းစာနာမှုအရ ရောက်လာသူအတွက် ကျန်းမာရေးလုပ်ငန်း


## လူနာအတွက် ထုတ်ဝေချက်

## ဤကျန်းမာရေးလုပ်ငန်းက ဘာပါလဲ

ဤဆေးခန်းသည် WAတွင် နေထိုင်ရန် ရောက်လာသော လူသားချင်းစာနာမှုအရ နေထိုင်ခွင့်ကိုင်ဆောင်ထားသူ ကလေးလူကြီးများအတွက်  ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးပါသည်။ ရောက်လာပြီးနောက် အခမဲ့ ရက်ချိန်း ၂ ရက်ရယူရန်  ဆေးခန်းသို့ ဖိတ်ခေါ်ပါသည်။ သင်ရောက်ချိန်တွင် ကျန်းမာရေးစစ်ဆေးရန် ဆရာဝန်နှင့် သူနာပြုတို့ကို တွေ့ဆုံရပါမည်။

သင် နေမကောင်းမဖြစ်စေကာမူ၊ ကျန်းမာရေးစစ်ဆေးမှုသည် သင်နှင့်  သင့်ကလေးများအတွက် အရေးကြီးပါသည်။ ဤစစ်ဆေးခြင်းသည် သင့်ကျန်းမာရေးလိုအပ်ချက်များ စမ်းသပ်ရှာဖွေရာတွင် ကူညီပေးသောကြောင့် သင့်အတွက်မှန်ကန်သောကုသရေး  ရှာဖွေရန် ကူညီနိုင်ပါသည်။

ဤဆေးခန်းသို့လာခြင်းမလာခြင်းမှာ သင့်သဘောဆန္ဒသာ ဖြစ်ပါသည်။ သင့်အနေနှင့် မပြုမနေရ မဟုတ်သော်လည်း ကျန်းမာရေးစစ်ဆေးရန် အကြံပြုတိုက်တွန်းပါသည်။ ဩစတြေးလျားသို့ရောက်ခါစ အချိန်တွင် ဤဆေးခန်းသည် အလွန် အသုံးဝင် အကျိုးများသည်ဟု လူအများစုက ပြောကြပါသည်။



## ဤဆေးခန်းမှာ ဘာတွေဖြစ်မလဲ။

သင့်ကျန်းမာရေးအကြောင်း သူနာပြု သို့မဟုတ် ဆရာဝန်နှင့် ဆွေးနွေးရမည်ဖြစ်ပြီး ၎င်းတို့သည် သင့်အား ဆေးစစ်ဆေးမှုအချို့ပြုလုပ်နိုင်ကြောင်း ပြောပါလိမ့်မည်။

### ဤဆေးခန်းသို့ ပထမဆုံးလာချိန်တွင် သင့်အား

- သင်၏ ယခုနှင့် ယခင် ကျန်းမာရေးဆိုင်ရာမေးခွန်းများ မေးနိုင်ပါသည်
- ခန္ဓာကိုယ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နိုင်ပါသည် (သွေးပေါင်ချိန်ကဲ့သို့)
- ဆေးစစ်ဆေးရန်အတွက် သွေး၊ ဆီးနှင့် ဝမ်းနမူနာများ ယူနိုင်ပါသည်။

### ဒုတိယလာချိန်တွင် သင့်အား

- ခန္ဓာကိုယ်ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်နိုင်ပါသည် (သွေးပေါင်ချိန်ကဲ့သို့)
- သင့်ဆေးစစ်ဆေးမှုရလဒ်များ သို့မဟုတ် ကျန်းမာရေးပြဿနာများအကြောင်း ဆွေးနွေးနိုင်ပါသည်
- သင့်အား ကာကွယ်ဆေးထိုးပေးခြင်း သို့မဟုတ် အခြားဆေးဝါးများပေးခြင်း လုပ်နိုင်ပါသည်။

ကျန်းမာရေးစစ်ဆေးမှုတိုင်းသည် သင့်သဘောဆန္ဒသာ ဖြစ်ပါသည်။ သင် မလုပ်လိုသည့်အရာ ရှိပါက အချိန်မရွေး ငြင်းဆိုနိုင်ပါသည်။





## ဘယ်လောက်ကြာမလဲ။

ရက်ချိန်းများသည် တစ်ကြိမ်လျှင် ၂ နာရီမှ ၃ နာရီအထိ ကြာနိုင်ပါသည်။ သင့်မိသားစုဝင် အရေအတွက်၊ သင်တို့၏ အထူး ကျန်းမာရေးလိုအပ်ချက်များ ရှိမရှိအပေါ် မူတည်ပါသည်။

အထူးသဖြင့် သင့်တွင် ကလေးများရှိပါက၊ စားစရာနှင့် အချိုရည်အချို့ ယူဆောင်လာရန် အကြံပေးပါသည်။



## ယခင် ကျန်းမာရေးစစ်ဆေးဖူးပါက ဘယ်လိုလုပ်ရမလဲ။

ဩစတြေးလျသို့ မရောက်မီ ပြုလုပ်ခဲ့သော ကျန်းမာရေးစစ်ဆေးမှုများသည် သင်တို့၏ နေထိုင်ခွင့်လျှောက်လွှာနှင့် ခရီးသွားခြင်းအတွက် ဖြစ်သည်။



ဤကျန်းမာရေးစစ်ဆေးမှုသည် မကြာသေးမီကရောက်ရှိလာပြီး ဩစတြေးလျားကျန်းမာရေးစောင့်ရှောက်မှုစနစ်တွင် အသစ်ဖြစ်နေသေးသော သူများအတွက် ဖြစ်ပါသည်။ ဤစစ်ဆေးခြင်းသည် လူကြီးနှင့် ကလေးများအတွက် ပြည့်ပြည့်စုံစုံ ပြုလုပ်မည့် ကျန်းမာရေးစစ်ဆေးချက်ဖြစ်ပါသည်။ ထိုရလဒ်များသည် သင့်ကျန်းမာရေးကို ဆက်လက်ထိန်းသိမ်းရန် မှန်ကန်သောလုပ်ငန်းများနှင့် ချိတ်ဆက်နိုင်ရန် ကူညီပေးပါမည်။



## ကျန်းမာရေးစစ်ဆေးခက ဘယ်လောက်ကျပါသလဲ။

ပြည့်ပြည့်စုံစုံကျန်းမာရေးစစ်ဆေးမှုသည် အခမဲ့ဖြစ်သည်။ ရက်ချိန်းများ သို့မဟုတ် ဆေးစစ်ဆေးမှုများ၊ ကာကွယ်ဆေးထိုးခြင်း သို့မဟုတ် ဆေးခန်းမှ ပေးမည့်ဆေးဝါးများအတွက် အခကြေးငွေမပေးရပါ။

## ကာကွယ်ဆေးထိုးရန် ဘာကြောင့် လိုအပ်ပါသလဲ။

ဤကာကွယ်ဆေးများသည် ကူးစက်နိုင်သောပိုးမွှားရောဂါများစွာကို အားလုံးအတွက် ကာကွယ်ပေးပါသည်။ ဤနည်းလမ်းသည် သင်ကိုယ်တိုင်၊ သင့်ကလေးများနှင့် လူအားလုံးကို ထိုရောဂါများမှ ကာကွယ်ရန် အထိရောက်ဆုံးနည်းလမ်း ဖြစ်ပါသည်။

ဩစတြေးလျားနိုင်ငံတွင် ကလေးများနှင့် ဆယ်ကျော်သက်အရွယ်များသည် ကာကွယ်ဆေးကို အခမဲ့ထိုးနိုင်သည်။ သင်သည် ဩစတြေးလျားနိုင်ငံသို့ ပြောင်းရွှေ့သောအခါတွင် အခမဲ့ ကာကွယ်ဆေးများလည်း ထိုးနိုင်ပြီး၊ ဤနည်းဖြင့် ဩစတြေးလျားနိုင်ငံတွင် ကြီးပြင်းလာသူများကဲ့သို့ သင်သည် ကာကွယ်မှု ရရှိနိုင်ပါသည်။

ကာကွယ်ဆေးထိုးပြီးကြောင်းအထောက်အထားကို အောက်ပါကိစ္စများတွင် လိုအပ်နိုင်ပါသည်။

- ကလေးထိန်းကျောင်းနှင့် ကျောင်းအများစုတွင် ကျောင်းအပ်ခြင်း
- ကလေးများအတွက် စင်တာလင့် ပေးငွေအချို့လက်ခံရယူခြင်း
- အချို့သော အလုပ်များနှင့် သင်တန်းများ



## ယခင်ကာကွယ်ဆေးထိုးထားပါက ဘာဖြစ်မလဲ။



သင်တို့သည် ဩစတြေးလျားနိုင်ငံမလာခင် ကာကွယ်ဆေးထိုးပြီးသား ဖြစ်နိုင်ပါသည်။ သူနာပြု သို့မဟုတ် ဆရာဝန်ထံ သင့်စာရွက်စာတမ်းများ ယူဆောင်လာပြီး စစ်ဆေးပါ။ သင်နောက်ထပ် ထိုးသင့်သည်များရှိမရှိကို စစ်ဆေးပေးပါမည်။

အကယ်၍ သင့် မှာတွင် ယခင်ထိုးနှံထားသောကာကွယ်ဆေး မှတ်တမ်းများ မရှိပါက၊ ထိုးရန် အကြံပြုထားသော ကာကွယ်ဆေးအားလုံးကို ထပ်မံ ထိုးနိုင်ပါသည်။ ကာကွယ်ဆေးထပ်မံထိုးခြင်းသည် ဘေးကင်းပြီး ကုန်ကျစရိတ်လည်း မရှိပါ။



## စကားပြန် ရှိပါသလား။

ရှိပါသည်။ ဆေးခန်းသို့ သင် လာသောအခါတိုင်း ကျွမ်းကျင်သော စကားပြန်များကို အသုံးပြုသောကြောင့် သင် နှစ်သက်ရာဘာသာစကားဖြင့် ပြောဆိုနိုင်ပါသည်။ မကြာခဏဆိုသလို စကားပြန်သည် ဆေးခန်းတွင် လူကိုယ်တိုင် ရှိနေပြီး ဘာသာပြန်ပေးပါသည်။ တစ်ခါတစ်ရံတွင် ဖုန်းစကားပြန်ကို အသုံးပြုပါသည်။ သင့်တွင် ရွေးချယ်လိုသောစကားပြန်များ ရှိပါက ပြောပြနိုင်ပါသည်။

## မည်သို့ ဆက်သွယ်ကြမလဲ။

သင့်ရက်ချိန်း ရက်စွဲနှင့်အချိန်ပါသော စာတစ်စောင် ရရှိပါမည်။ သင့်ရက်ချိန်းများ သတိပေးရန်အတွက်လည်း ဖုန်းစာတို ပေးပို့ပါမည်။ သင့်ဘာသာစကားဖြင့် စာများနှင့် ဖုန်းစာတိုပေးပို့ရန် ကြိုးစားပါမည်။ သင် ဆေးခန်းသို့ အီးမေးလ်ပို့နိုင်သည် သို့မဟုတ် ဖုန်းဆက်နိုင်သည်။ စကားပြန်သုံး၍ ပြန်လည် ဖုန်းခေါ်ပါမည်။



## ကျန်းမာရေးစစ်ဆေးမှုသို့ ဘာယူလာသင့်ပါသလဲ။

အောက်ပါတို့ကို သင့်ရက်ချိန်းသို့ ယူဆောင်လာပါ (သင့်တွင် ရှိပါက)

- သင့်ကျန်းမာရေးမှတ်တမ်းနှင့်ပတ်သက်သည့် မည်သည့်စာရွက်စာတမ်းမဆို
- သင်၏ ယခင်ကာကွယ်ဆေးထိုးစာရွက်စာတမ်းများ
- သင်၏ မယ်ဒီကဲကတ် သို့မဟုတ် ကျန်းမာရေးစောင့်ရှောက်မှုကတ်
- သင်သောက်နေသော မည်သည့်ဆေးဝါးမဆို။

သင်လိုအပ်ပါက အခမဲ့ဘာသာပြန်လုပ်ငန်းဖြင့် ဘာသာပြန်ဆိုထားသော အရေးကြီး ဆေးဘက်ဆိုင်ရာစာရွက်စာတမ်းများရရှိရန် ကူညီပေးနိုင်ပါသည်။

## ဆေးခန်းလာပြီးနောက် ဘာဆက်ဖြစ်ပါမလဲ။

သင့်ကျန်းမာရေးကို ဆက်လက်ကုသရန် သင့်ဒေသခံဆရာဝန်ထံသို့ လွှဲစာတစ်စောင်ကို ရေးပေးပါမည်။ ကာကွယ်ဆေး ထပ်မံထိုးရန် လိုအပ်ပါက၊ သင့်ဒေသခံ ဆရာဝန် သို့မဟုတ် ဆေးခန်းအတွက် ညွှန်ကြားချက်များ ပေးပါမည်။



အကယ်၍ သင်သည် အထူးကုဆရာဝန် သို့မဟုတ် အထူးကုကျန်းမာရေးလုပ်ငန်း လိုအပ်ပါက၊ ရွေးချယ်ရန်များ အကြောင်း သင့်နှင့် ဆွေးနွေးပါမည်။ သင်သဘောတူပါက သင့်အတွက် လွှဲစာတစ်စောင်ရေးပေးပြီး သင်လုပ်ဆောင်ရမည်များကို ရှင်းပြပါမည်။

## မိမိကျန်းမာရေးသည် နေထိုင်ခွင့်ကို ထိခိုက်နိုင်ပါသလား။



မထိခိုက်ပါ - သင့်ကျန်းမာရေးအခြေအနေ အပြောင်းအလဲများသည် သင်၏ ဩစတြေးလျားနိုင်ငံနေထိုင်ခွင့်ကို ထိခိုက်စေမည် မဟုတ်ပါ။

သင့်ကျန်းမာရေးနှင့် ပတ်သက်သော အကြောင်းအချက်အလက်များကို ကိုယ်ရေးကိစ္စဖြစ်ပြီး လျှို့ဝှက်ထားပါသည်။ ဩစတြေးလျားနိုင်ငံတွင် သင်၏ကျန်းမာရေးအကြောင်းများကို ကာကွယ်ရန် တင်းကျပ်သောဥပဒေများ ရှိပါသည်။ ဆေးခန်းဝန်ထမ်းများအားလုံးသည် ကိုယ်ရေးကိစ္စနှင့် လုံခြုံသိုသိပ်မှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာကြပါသည်။

ဤဆေးခန်းသို့ သင်ပြောပြသည်များကို သင်မပြောလိုပါက အခြားမည်သူ့ကိုမျှ မျှဝေမည်မဟုတ်ပါ။

## ဆက်သွယ်ရန်

အီးမေးလ် - migranthealth@health.wa.gov.au

ဖုန်း : (08) 9222 8500

စကားပြန်အတွက် ၁၃ ၁၄ ၅၀မှတဆင့် TIS သို့ ဖုန်းခေါ်၍ Anita Clayton Center ၀၈ ၉၂၂၂ ၈၅၀၀သို့ ဆက်သွယ်ပေးရန် ပြောပါ။

## တွေ့ဆုံရန်

လိပ်စာသည် 311 Wellington Street၊ Perth ဖြစ်ပါသည်။

ဤဆေးခန်းသည် ပါ့သ် ရထားဘူတာနှင့် ရိုင်ရှယ်ပါ့သ်ဆေးရုံ ကြားတွင်တည်ရှိသည်။ Wellington St နှင့် Pier Street ထောင့်ရှိ Anita Clayton Centre ဟုခေါ်သော အဆောက်အအုံ ဖြစ်ပါသည်။

တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၈း၁၅ မှ ညနေ ၄း၁၅ နာရီအထိ ဖွင့်လှစ်ပါသည်။



## အထောက်အကူဖြစ် အရင်းအမြစ်များ

Healthy WA ၏ ဘာသာပြန် ကျန်းမာရေးထုတ်ပြန်ချက်များ
ဘာသာပြန်ထုတ်ပြန်ချက်များ (healthywa.wa.gov.au)

Health Direct ၏ ဘာသာစုံ အရင်းအမြစ်များ
ဘာသာစုံ ကျန်းမာရေး အရင်းအမြစ်များ | healthdirect

အမ်းဘရေ့စ် ဓလေ့ပေါင်းစုံ စိတ်ကျန်းမာရေး
https://www.embracementalhealth.org.au/

SBS Australia Explained
ဩစတြေးလျားနိုင်ငံနှင့်ပတ်သက်ပြီးရှင်းလင်းချက် - SBS အခြေချခြင်းဆိုင်ရာလမ်းညွှန် | SBS English

ဤပေးထားသော သတင်းအချက်များသည် သတင်းထုတ်ပြန်ရေး ရည်ရွယ်ချက်အတွက်သာ ဖြစ်သည်။ အကယ်၍ သင်သည် ဤစာစောင်ကို အသုံးပြုနေသည့် လူနာဖြစ်ပါက၊ ဤထုတ်ပြန်ချက်များကို ရှင်းလင်းပြီး တစ်ဦးချင်းစီ၏ အခြေအနေများအပေါ် အသုံးချသည့်အခါတွင် ကျန်းမာရေးဝန်ထမ်း ကျွမ်းကျင်သူထံမှ အကူအညီ ရယူသင့်ပါသည်။

CONSUMER REVIEWED


**Humanitarian Entrant Health Service**
Anita Clayton Centre
1/311 Wellington Street
(08) 9222 8500
migranthealth@health.wa.gov.au


သင်လိုအပ်ပါက ဤစာရွက်စာတမ်းကို အခြားပုံစံများဖြင့် ရရှိနိုင်ပါသည်။


© North Metropolitan Health Service 2024


မိမိတို့ သည် ဆေးလိပ်ငွေ့ကင်းစင်သောနေရာအဖြစ် ဝင့်ကြွားဂုဏ်ယူပါသည်။ မိမိတို့ ၏ မည်သည့်အဆောက်အဦတွင်မဆို သို့မဟုတ် ဤ မည်သည့်နေရာဝင်းအတွင်းမဆို ဆေးလိပ်မသောက်ခြင်း၊ ဆေးလိပ်ငွေ့ မရှူခြင်းတို့အတွက် သင့်အား ကျေးဇူးတင်ပါသည်။


MHPHDS_6505_0924